ငါကိုယ်တော်သည် ကောင်ဆရ်ရေကန်၌ ရှိနေမည်ဖြစ်ပြီး

အသင်တို့အနက် မည်သူသည် ငါ့ထံလာရောက်မည်ကို

ငါကိုယ်တော်ကြည့်ရှုမည်ဖြစ်သည်။ လူအချို့သည်

ငါကိုယ်တော့်ထံမှ ဖယ်ရှားခြင်းခံရမည်။

ထိုကြောင့်ငါကိုယ်တော်က အို

မွေးမြူဖန်ဆင်းတော်မူသောအရှင် ၎င်းတို့သည်

ကျွန်တော်မျိုးနှင့်

ကျွန်တော်မျိုး၏အွမ္မသ်သားတို့အနက်မှပင်ဖြစ်သည်ဟုလျှောက်ထားမည်။

အတ်စ်မာအ်ဗင်သိ အဗီဗက်ရ်(ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။
အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။
ငါကိုယ်တော်သည် ကောင်ဆရ်ရေကန်၌ ရှိနေမည်ဖြစ်ပြီး အသင်တို့အနက် မည်သူသည်
ငါ့ထံလာရောက်မည်ကို ငါကိုယ်တော်ကြည့်ရှုမည်ဖြစ်သည်။ လူအချို့သည်
ငါကိုယ်တော့်ထံမှ ဖယ်ရှားခြင်းခံရမည်။ ထိုကြောင့်ငါကိုယ်တော်က အို
မွေးမြူဖန်ဆင်းတော်မူသောအရှင် ၎င်းတို့သည် ကျွန်တော်မျိုးနှင့်
ကျွန်တော်မျိုး၏အွမ္မသ်သားတို့အနက်မှပင်ဖြစ်သည်ဟု လျှောက်ထားမည်။ ထိုအခါ
ဖြေကြားခြင်းခံရမည်မှာ ၎င်းတို့သည် အသင်မရှိတော့သည့်နောက်
မည်သို့ပြုမူဆောင်ရွက်ခဲ့ကြသည်ကို အသင်သိပါသလော။ အလ္လာဟ်အရှင်မြတ်အား
ကျိန်ဆိုပါသည်။ ၎င်းတို့သည် မိမိတို့၏ခြေဖနှောင့်များဘက်သို့
ပြန်လှည့်သွားကြသည်။ (သာသနာမှ ကျောခိုင်းသွားကြသည်။)
[صحيح] [متفق عليه]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ရှင်းပြတော်မူခဲ့သည်မှာမုချဧကန်ကိုယ်တော်မြတ်သည် ကိယာမသ်နေ့၌ ကောင်ဆရ်ရေကန်၌ ရှိ‌နေမည်ဖြစ်ပြီးမိမိ၏အွမ္မသ်များအနက် မည်သူသည် ကောင်ဆရ်ရေကန်သို့လာရောက်မည်ကိုကြည့်ရှုတော်မူမည်ဖြစ်သည်။ လူအချို့သည်ကိုယ်‌တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အနားမှဖယ်ရှားခြင်းခံရမည်။ ထိုအခါကိုယ်တော်မြတ်က အို မွေးမြူဖန်ဆင်းတော်မူသောအရှင် ၎င်းတို့သည်ကျွန်တော်မျိုးနှင့်ကျွန်တော်မျိုး၏အွမ္မသ်သားတို့အနက်မှပင်ဖြစ်သည်ဟု
အရှင်မြတ်အား‌လျှောက်ထားမည်ဖြစ်သည်။ ထိုအခါ ဖြေကြားခြင်းခံရမည်မှာ ၎င်းတို့သည်အသင်နှင့် ခွဲခွါပြီးသည့်နောက် မည်သို့ပြုမူဆောင်ရွက်ခဲ့ကြသည်ကို အသင်သိပါသလော။အလ္လာဟ်အရှင်မြတ်အား ကျိန်ဆို၍ပြောမည်။ ၎င်းတို့သည်

မိမိတို့၏ခြေဖ‌နှောင့်များသို့ပြန်လှည့်သွားကြပြီး သာသနာတော်အား စွန့်ခွာခဲ့ကြသည်။ထို့ကြောင့် ၎င်းတို့သည် အသင့်အနက်မှ မဟုတ်သလိုအသင့်အွမ္မသ်သားများအနက်မှလည်းမဟုတ်ပေ။

https://sunnah.global/hadeeth/my/show/65031